ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်

## ညွှန်ကြားချက်အမှတ် (၉/၂၀၁၇)

အကြောင်းအရာ။ **နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ပြည်တွင်းပို့ကုန်လုပ်ငန်းဆောင်ရွက်သူများအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဆောင်ရွက်ခွင့်ပြုမည့်ကိစ္စ**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ဘဏ်ခွဲလိုင်စင်ထုတ်ပေးရာတွင် နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းများ၊ ပြည်တွင်း/နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ပြည်တွင်းငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်တွင်းကုမ္ပဏီ/လုပ်ငန်းများအတွက် လက်ကားဘဏ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုထားပါသည်။

၂။ ယခုအခါ ပြည်တွင်းပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်အတွက် နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ပြည်တွင်းပို့ကုန်လုပ်ငန်းဆောင်ရွက်သူများအတွက် ပို့ကုန်ချေးငွေဖြည့်ဆည်းမှု (Export Financing) နှင့် ပို့ကုန်လုပ်ငန်းနှင့်ဆက်စပ်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ (Related Banking Services for Export Financing) ကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ နိုင်ငံခြားဘဏ် ဘဏ်ခွဲများသို့ ထုတ်ပေးခဲ့သည့် လိုင်စင်အပိုဒ် ၄ ပါဖော်ပြချက်နှင့်အညီ ပြည်တွင်းပို့ကုန်လုပ်ငန်းဆောင်ရွက်သူများအတွက် ပို့ကုန်ချေးငွေဖြည့်ဆည်းမှု (Export Financing) နှင့် ပို့ကုန်လုပ်ငန်းနှင့်ဆက်စပ်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ (Related Banking Services for Export Financing) ကို ဆောင်ရွက်လိုသည့် နိုင်ငံခြားဘဏ် ဘဏ်ခွဲများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အဆိုပါလုပ်ငန်းအားဆောင်ရွက်လိုကြောင်းတင်ပြ၍ အတည်ပြုချက်ရယူရန်ဖြစ်ပါကြောင်း ညွှန်ကြားပါသည်။

(ပုံ) xxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

နိုင်ငံခြားဘဏ် ဘဏ်ခွဲများအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ